# ဘ၀ခရီး၀ယ် ရွေးချယ်ရမည့်လမ်း

## (အမှာစာ)

ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သည့် အင်္ဂုတ္တရနိကာယ်လာ ကေသမုတ္တိသုတ်ကို ဘ၀ခရီး၀ယ် ရွေးချယ်ရမည့်လမ်းဟု အမည်ပေးကာ ရှင်းလင်းဟောကြားခဲ့ခြင်းဖြစ်သည်။ ကေသမုတ္တိသုတ်ကို ကာလာမသုတ် ဟုလည်း ခေါ်ကြ၏။

ကေသမုတ္တိနိဂုံးရွာ၌ ဟောကြားတော်မူခဲ့သောဒေသနာတော် ဖြစ်ခြင်းကြောင့် ကေသမုတ္တိသုတ် (သို့မဟုတ်) ကေသမုတ္တိနိဂုံးရွာသားများအား ဟောကြားတော်မူခဲ့သောကြောင့် ကေသမုတ္တိသုတ်ဟု ခေါ်ဆိုခြင်း ဖြစ်၏။ တဖန် ကေသမုတ္တိနိဂုံးရွာ၌ နေထိုင်ကြသော လူမျိုးများမှာ ကာလာမမျိုးနွယ်ဖ၀င်စုများ ဖြစ်ကြ၏။ ထိုလူမျိုးစုကို ရည်ညွှန်း၍လည်း ကာလာမသုတ် ဟု ထင်ရှား၏။

ကာလာမသုတ်၏အနှစ်ချုပ်မှာ ဤသို့ ဖြစ်၏။
အမှားအမှန်ကို စိစစ်၍ အမှန်တရားကို မှတ်ယူရာ၌ -
(၁) အစဉ်အလာယုံကြည်မှုစသည့် အချက် ၁၀-ချက်ကို အခြေခံပြီး မမှတ်ယူရ။
(၂) ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အသိကိုသာ အခြေခံရမည်။
(၃) ကိုယ်ပိုင်ဉာဏ်ဖြင့် အဖြေထုတ်ပြီး မှားတာကို စွန့်၍ မှန်တာကို လက်ခံကျင့်သုံးရမည်။
(၄) ဖြူစင်သောစိတ် မြင့်မြတ်သောသဘောထားဖြင့် အများနှင့် ဆက်ဆံနေထိုင်ရမည်။
(၅) ကိုယ်ပိုင်ဉာဏ်ဖြင့် အဖြေမထုတ်နိုင်သောပြဿနာများ၌ နှစ်ဖက်ကောင်းပြီး သေချာသည့်လမ်းကို ရွေးရမည်။

ဤကာလာမသုတ်သည် ဘ၀အရေး ရင်ထဲ၌သံသယဖြစ်ပွားလျက်ရှိသော ပုဂ္ဂိုလ်များအတွက် အကောင်းဆုံးလမ်းညွှန်ချက် ဖြစ်၏။ ဤစာအုပ်ကို ဖတ်ရှု၍ မှန်ကန်သောဘ၀လမ်းကြောင်းတွင် လျှောက်လှမ်း နိုင်ကြပါစေ။

### ဘ၀တန်ဖိုးအရယူ

- အတိတ်ကိုတွေး၊ မဆွေးလေနဲ့, အတိတ်ဆိုတာ ပြန်မလာဘူး။
- အနာဂတ်မှန်းဆ၊ မလွမ်းတနဲ့, အနာဂတ်ဆိုတာ မသေချာဘူး။
- ပစ္စုပ္ပန်မှာ၊ လုပ်သင့်ရာ၀ယ်, ပညာလို့လ၊ အသုံးချလျက်
  ဘ၀တန်ဖိုး၊ အားမာန်တိုး၍, မြတ်နိုးကြည်ဖြူ၊ အရယူလော့။

### သည်းခံခြင်း

- သည်းခံတယ်ဆိုတာ အရာရာကို အပြုံးမပျက် ရင်ဆိုင်ရဲတဲ့သတ္တိကို ခေါ်တယ်။